

သိန်းမင်းစာပေ
ရွှမက်သျှင်
လုံးချင်းဝတ္ထုသစ်
နှောင် ကြိုး ငင်
design : aung kyaw moe

# နှောင်ကြိုးငင်
# စွဲမက်သျှင်

## အခန်း (၁)

သူ့ကားလေး "သပိတ်ကျဉ်း" မြို့ကိုဖြတ်တော့ ညနေခြောက်နာရီ ထိုးနေပြီ ဖြစ်သည်။

ပုံမှန်ဆိုလျှင် သပိတ်ကျဉ်းကို နေ့လယ်လောက်ကတည်းက ဖြတ်ရမှာဖြစ်သည်။ သို့သော် မန္တလေးနှင့် မတ္တရာအကြားတွင် သူ့ကား ပျက်သွားခဲ့သည့်အတွက် အခုလို ညနေခြောက်နာရီမှ သပိတ်ကျဉ်းကို ဖြတ်ရတာဖြစ်သည်။

နေကျသွားတာရယ် သပိတ်ကျဉ်းကို လွန်လာတာရယ်ကြောင့် ရာသီဥတုက သိသိသာသာ အေးလာသည်။ နေရောင်ပျောက်ကွယ် သွားတာကလည်း မြန်ဆန်လွန်းလှသည်။ ပထဝီ အနေအထား ကလည်း မန္တလေးနှင့် ဘာမှမဆိုင်တော့။

နေအလင်းရောင် မရှိတော့ပေမဲ့ ပတ်ဝန်းကျင်ကတော့ ကောင်းမွန်စွာလင်းနေသေးသည်။ လက်ဖက်ရည် ကျဆိမ့်တစ်ခွက်လောက်ကို အရသာခံသောက်လိုသည့် ချင်ခြင်း ဖြစ်နေသော်လည်း သူ ကားကို မရပ်ရဲ။ စိုးရိမ်ပူပန်စိတ်ဖြင့် ကားလီဗာကို တအားဖိနင်း ပစ်နေရသည်။

တကယ်ဆို ဒီခရီးကို ညဘက်မသွားသင့်ပါ။ အမြဲတစေ သွားလာနေကျ

လူတွေတောင် ဒီခရီးကို ညဘက်သွားဖို့ ရှောင်ကြသည်။ ရှောင်စရာအကြောင်းက နှစ်ချက်ရှိသည်။

ပထမအချက်က မန္တလေး- မိုးကုတ်လမ်းသည် တောင်တက်လမ်းဖြစ်နေလို့ပဲ ဖြစ်သည်။ လမ်းတွေက ကျဉ်းသည်။ အကောက်အကွေ့ များသည်။ တချို့နေရာများတွင် ကားလမ်းနံဘေး၌ နက်ရှိုင်းသည့် ချောက်ကြီးတွေ ရှိသေးသည်။ ညဘက်သွားလျှင် အန္တရာယ်များလွန်းလှသည်။ ထို့ကြောင့် နေ့ဘက် လင်းလင်းထင်းထင်းမှာ သွားကြတာဖြစ်သည်။

ဒုတိယအချက်က ဓားပြရန်ကြောက်လို့ ဖြစ်သည်။ တောင်တက်လမ်းများတွင် မီးအလင်းရောင်မရှိ။ တောကလည်း ထူသည်။ သစ်ကြီးဝါးကြီးကလည်း ပေါများသည်။ တချို့နေရာများ၌ ကားလမ်းနံဘေးတွင် ဝါးရုံတောကြီးတွေက တိုးမပေါက်အောင် ရှိတတ်သည်။ လူနေအိမ်ခြေကလည်း မရှိသလောက်ရှားသည်။

ထို့ကြောင့် တောရိပ်နှင့် အမှောင်ကိုခိုပြီး သူခိုးဓားပြများက ကျက်စားတတ်သည်။ ဒီတော့ ညဘက်တွင် ခရီးမသွားကြဘဲ ရှောင်ကြခြင်းဖြစ်သည်။ မဖြစ်မနေ သွားကြလျှင်လည်း ကားသုံးလေးစီး အုပ်စုဖွဲ့ပြီးမှ သွားကြသည်။

အခုတော့ မထင်မှတ်ဘဲ ကားပျက်သွားရသည့်အတွက် သူ မိုးကုတ်သို့ ညကြီးမင်းကြီးမှာပင် သွားရတော့မည်။ သူ့ကားက တစ်စီးတည်းဖြစ်သလို ကားပေါ်မှာလည်း အဖော်မပါ သူတစ်ယောက်တည်း ဖြစ်သည်။

ထို့ကြောင့် သူက တောင်တက်စခန်းသို့ အပြန်ရောက်အောင် သွားချင်နေသည်။ စခန်းရောက်မှ အဖော်ကားရှာရမည်။

အတွေးဖြင့် သူက ကားလီဗာကို ဖိနင်းပစ်လိုက်သည်။

သူ့ကားလေးက မည်းနက်သည့် ကတ္တရာလမ်းပေါ်၌ တရိပ်ရိပ် ပြေးနေသည်။ လမ်းပေါ်ရှိ လိုင်းများကို ဖြတ်သည့်အခါ ကားကလေးက မြောက်တက် သွားတတ်သည်။ ကားလမ်းပေါ်၌ ကားအသွားအလာကလည်း ကျဲပြတ်နေပြီ။

ကားလမ်းနံဘေးတွင် နွားအုပ်များ မောင်းသွားတာကိုပဲ မြင်နေရသည်။

ဒါ ... နွားရိုင်းသွင်းချိန် ဖြစ်မည်။

အမှောင်က တစ်စတစ်စ ဝင်လာသည်။

အအေးဓာတ်က ပိုကဲလာသည်။ ကားပြတင်းပေါက်မှ တိုးဝင်လာသည့် လေများက အေးစက်စပြုနေပြီ။

နောက်ကြောင်းပြန်လှည့်ရန် မဖြစ်နိုင်သည့် သူကတော့ တောင်တက်စခန်းကလေးသို့ အမြန်ရောက်အောင် ကားလီဗာကိုပဲ ဖိနင်းနေမိတော့၏။

***

# အခန်း (၂)

တောင်တက် စခန်းကလေး၏ ... တစ်ခုတည်းသော ထမင်းဆိုင်ကလေး ရှေ့တွင် သူ့ကား ရပ်လိုက်သည့်အချိန်သည် မှောင်မည်းနေပြီ ဖြစ်သည်။

ထမင်းဆိုင်ကလေးက မီးမှိန်မှိန်ကလေး အောက်တွင် တိတ်ဆိတ်ငြိမ်သက်နေပြီ။ ဆိုင်၏ တံခါးချပ် တချို့ကိုပင် ပိတ်ထားနေပြီ ဖြစ်သည်။ ထမင်းဆိုင်ကလေးနှင့် မျက်နှာချင်းဆိုင်ရှိ လက်ဖက်ရည် ဆိုင်ကလေးကလည်း အချမ်းဒဏ်အောက်တွင် ငိုက်မျဉ်းနေ၏။

သူက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ကားတစ်စီးမျှ မရှိပါ။ စိတ်ပျက်သွားမိသည်။

"လာ ... လာ လူလေး ထိုင်၊ ထမင်းစားမယ်လား"

ထမင်းဆိုင်ရှင်အဘွားက သူ့ကို ဖော်ဖော်ရွေရွေ ကြိုဆိုသည်။

"ဟုတ်ကဲ့ ... ထမင်းစားမယ် အဘွား"

"ဟင်းကတော့ ဖွယ်ဖွယ်ရာရာ မရှိတော့ဘူးကွယ်၊ ဆိုင်တောင် ပိတ်နေပြီဆိုတော့ ထမင်းဟင်းတွေလည်း အေးစက်ကုန်ပြီ"

အဘွားက အားနာဟန်ဖြင့် ပြောသည်။

"ဟာ ... ရတယ်အဘွား၊ ထမင်းဟင်း ကျန်သေးတာပဲ တော်လှပါပြီဗျာ၊ ဒါနဲ့ အတက်ကားတွေ မရှိတော့ဘူးလား အဘွား"

"မရှိတော့ဘူးကွဲ့ ညနေ သုံးနာရီလောက်က နောက်ဆုံးအုပ်စု တက်သွားတယ်လေ"

ထမင်းပွဲပြင်ပေးရင်း အဘွားက သူ့ကို ပြောပြနေခြင်း ဖြစ်သည်။

"ဟာ ... ဒါဆိုရင်တော့ ဒုက္ခပါပဲ၊ ကျွန်တော်က အဖော်လေးဘာလေး တွေ့ရဦးမယ်လို့ မျှော်လင့်ထားတာ"

"လူလေး မိုးကုတ် တက်မလို့လား"

"ဟုတ်ကဲ့ အဘွား"

အေးစက်နေသည့် ထမင်းဟင်းများကို သူက ဆာဆာနှင့် ခပ်မြန်မြန် စားလိုက်သည်။ ထမင်းဟင်းတွေက အေးနေသော်လည်း အရသာရှိလွန်းလှသလို ရေနွေးကြမ်းပူပူ တစ်အိုး ချထားပေးသည့် အတွက်လည်း စားရတာ အဆင်ပြေလှသည်။

"လူလေးက တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ဒီအချိန်ကြီးကျမှ တစ်ယောက်တည်း တက်မှာတော့ အန္တရာယ် များလွန်းတယ်ကွယ်၊ လမ်းရော ကျွမ်းကျင်ရဲ့လား"

"ကျွန်တော် ဒီလမ်းမှာ နှစ်ခါလောက်တော့ ကားမောင်းဖူးပါတယ် အဘွား"

အဘွားက ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းသည်။

"အင်း ... လမ်းကျွမ်းကျင်တယ်ပဲထားဦး တစ်ယောက်တည်းတော့ မသွားသင့်ဘူးကွဲ့၊ အန္တရာယ် သိပ်များတယ်"

သူ့ကိုပြောရင်း အဘွားက ဆိုင်အပြင်လမ်းမ အမှောင်ထဲသို့ တစ်ချက် လှမ်းကြည့်သည်။

ဒီလမ်းခရီးကို ဒီလိုအချိန်သွားလျှင် အန္တရာယ်များမည် ဖြစ်ကြောင်း သူလည်း သိသည်။ ဒါပေမဲ့ မသွားလို့မဖြစ်။ မဖြစ်မနေကို သွားရမည်။ သူ မိုး

ကုတ်ကို အမြန်ဆုံး ရောက်မှပဲ ဖြစ်မည်။ ထို့ကြောင့် သူက ထမင်းကို ခပ်သွက်သွက် စားလိုက်သည်။

"မသွားပါနဲ့ လူလေး၊ ဒီမှာညအိပ်ပြီး မနက်စောစော အတက်ကားနဲ့တွေ့မှ သွားပါလား"

"မဖြစ်ဘူး အဘွား၊ အဘွား စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က အမေ့အသက်ကို မီအောင် သွားရမှာမို့ပါဗျာ"

အဘွားက ကရုဏာသက်ဟန်ဖြင့် သူ ရှေ့ထိုင်ခုံတွင် ဝင်ထိုင်သည်။

"ဩော် ... ဒီလိုလား၊ လူလေး အမေ အသည်းအသန် ဖြစ်နေတယ်ပေါ့"

"ဟုတ်ပါတယ် အဘွား၊ ဒါကြောင့် ကျွန်တော် ဖြစ်အောင်သွားရမှာပါ၊ တကယ်ဆို ဒီအချိန် ကျွန်တော် မိုးကုတ်ကို ရောက်နေရမှာ၊ လမ်းမှာကား ပျက်ပြီး မကြာသင့်ဘဲ ကြာသွားလို့ အခုလို မိုးချုပ်သွားရတာပါ"

"အေးပေါ့လေ မိဘရဲ့အသက် ဆိုတော့လည်း သွားရမှာပေါ့၊ လူကြုံတို့ အဖော်တို့ ရလိုရငြား ခဏလောက် စောင့်ကြည့်ပါဦးလားကွယ်၊ အင်း ... ပြောသာ ပြောရတာပါ သိပ်တော့လည်း မထင်ပါဘူး၊ အခုတလော ဓားပြ သောင်းကျန်းနေလို့ ဒီအချိန် ဘယ်သူမှ မသွားမလာ ကြတော့ဘူးကွဲ့"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သွားရမှာပဲ အဘွားရယ်"

"အေးပေါ့ကွယ် မိဘကိုး၊ သတိဝီရိယနဲ့သွား လူလေး၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ရွတ်ပြီးတော့သွား၊ တော်ရုံကိစ္စနဲ့ ကားရပ်မပေးလေနဲ့၊ နေဦး လူလေးအတွက် အဖော် အဘွား ထည့်ပေးလိုက်မယ်"

ပြောပြောဆိုဆို အဘွားက ဆိုင်ကလေး၏ အတွင်းဘက်သို့ ဝင်သွားသည်။ သူက ရုတ်တရက် နားမလည်။

အဘွား ပြန်ထွက်လာတော့မှ အဘွား ထည့်ပေးလိုက်မည့် အဖော်ကို

သူက သဘောပေါက်မိတော့၏။

အဘွား လက်ထဲတွင် ကိုင်လာတာက ဝါရင်းတုတ် တစ်ချောင်း ဖြစ်သည်။ ဝါးရင်းတုတ်သည် တစ်လံလောက်ရှည်ပြီး အဖျားပိုင်း၌ သံချွန်တစ်ခုကို တပ်ထားသေးသည်။

"ရော့ ... ဒါယူသွား"

"ကျေးဇူးပါပဲ အဘွားရယ်"

သူက ထမင်းဖိုးအဖြစ် တစ်ထောင်ကျပ်တန် တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

"ပြန်မအမ်းနဲ့ အဘွား"

ဒါပေမဲ့ အဘွားက လက်မခံဘဲ ထမင်းဖိုး ကျသင့်သလောက်ကိုပဲ ယူပြီး ပိုငွေကို ပြန်အမ်းသည်။

"ဒါနဲ့ လူလေးနာမည် အဘွားကို ပြောခဲ့ပါဦးကွယ်"

"ကျွန်တော့်နာမည် ကျော်တေဇပါ အဘွား၊ အပြန် အဘွားဆိုင်ကို ကျွန်တော် ဝင်လာခဲ့ပါဦးမယ်၊ အဘွားရဲ့ ကျေးဇူးကို မမေ့ပါဘူးဗျာ"

"အေးကွယ် လူလေးရဲ့ အမေလည်း ပကတိ ကျန်းမာပါစေ၊ လူလေးလည်း လမ်းခရီးမှာ အန္တရာယ် ကင်းရှင်းပါစေလို့ အဘွား ဆုတောင်းပေးပါတယ်ကွယ်၊ ကဲ ... သွားတော့၊ ဒီနေ့ညက လမိုက်တယ် သတိဝီရိယနဲ့သွား"

"ဟုတ်ကဲ့ အဘွား"

ကျော်တေဇက ထမင်းဆိုင်ရှင် အဘွားကို ကာယကံမြောက် ကန်တော့ပြီးမှ ထွက်လာခဲ့လိုက်သည်။

ထမင်းဆိုင်နှင့် မျက်စောင်းထိုးရှိ ကွမ်းယာဆိုင်ကလေးဆီ သွားပြီး ကွမ်းယာ အတော်များများကို ဝယ်လိုက်သည်။ ကွမ်းစားတတ်လို့တော့

မဟုတ်ပါ။ ကားမောင်းရင်း အိပ်မငိုက်အောင် ကွမ်းဝါးဖို့ ဖြစ်သည်။

ကွမ်းယာဝယ်နေရင်း အမေ ဘာမှမဖြစ်ပါစေနဲ့၊ သူရောက်သွားတာနဲ့ အမေ ထူထူထောင်ထောင် ဖြစ်နေတာကို တွေ့ရပါစေဟု ကျော်တေဇက ထပ်ခါတလဲလဲ ဆုတောင်းနေမိသည်။

ပြီးတော့ မိုးကုတ်တက်မည့် ကားတစ်စီး နှစ်စီးလောက် ရောက်လာပါစေဟုလည်း ဆုတောင်းမိသေးသည်။ သို့သော် သူကားပေါ်တက်ပြီး စက်နှိုးကာ မောင်းထွက်သွားသည်အထိ ထိုဆုတောင်းက မပြည့်ခဲ့ပါ။

ထို့ကြောင့် သူ့တွင် အဘွား ထည့်ပေးလိုက်သည့် အဖော်သာ ပါလာခဲ့တော့၏။ သူက မကြောက်ဘူးဟု သူ့ဘာသာသူ အားတင်းလိုက်သည်။ အမှောင်ထုကတော့ အတော့်ကို နက်ရှိုင်းနေ၏။

***

အခန်း (၃)

ထမင်းဆိုင်ရှင် အဘွားပြောလိုက်သည့် လမိုက်ညက အတော့်ကို ပီပြင် လွန်းသည်ဟု ကျော်တေဇ တွေးမိသည်။

လမ်းတစ်လျှောက်လုံးက အမှောင်အတိကျနေ၏။ သစ်ကြီးဝါးကြီးများ ကြောင့် ပိုမိုမှောင်မိုက်နေသည်။

ကားအင်ဂျင်သံရယ် ကားမီးရောင်ရယ်သည် အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေသော်လည်း ကားမီးမထိုးဘဲနဲ့လည်း မောင်းလို့မဖြစ်ပါ။ ထိုအလုပ် မျိုးကို လမ်းကျွမ်းကျင်သည့် လူများပင် လုပ်ကြမည်မဟုတ်။ လမ်းက အ ဖြောင့်အတိုင်း မဟုတ်ဘဲ အကွေ့အကောက်တွေ များလွန်းလို့ ဖြစ်သည်။

ကျော်တေဇက မြတ်စွာဘုရား၏ ဂုဏ်တော်များကို စိတ်ထဲမှ အောက်မေ့ ရေရွတ်ရင်း စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားထားလိုက် သည်။

စိတ်မြန်လက်မြန်ဖြင့် ကားလီဗာကို နင်းပစ်လို့မဖြစ်။ တောင်တက်လမ်း က ကျဉ်းမြောင်းလွန်းလှသည်။ တချို့နေရာ၌ အတက်က မတ်စောက် လွန်းပြန်သည်။

စိတ်ကို တည်ငြိမ်အောင် ကြိုးစားပြီး ကားစတီယာတိုင်ရယ်၊ ဂီယာရယ်၊ လီဗာရယ်၊ ဘရိတ်ရယ်တွင် အာရုံကို စူးစိုက်ထားသော်လည်း တစ်ချက် တစ်ချက်တွင် သူ့အတွေးများက အမေ့ထံသို့ လွတ်ထွက်သွားတတ်သည်။

သူသည် အမေနှင့် ငယ်ငယ်ကတည်းက အတူတူမနေခဲ့ရပါ။ သူသည် အ

မေ့သားသမီး သုံးယောက်ထဲ၌ ဒုတိယလူ ဖြစ်သည်။ အလတ်ကောင် ဖြစ်သည်။ သူ့ကို မွေးဖွားစဉ်အခါက အဖေနှင့်အမေသည် အတော့်ကို ဆင်းရဲနွမ်းပါးခဲ့သည်။ စားရမဲ့သောက်ရမဲ့ အနေအထားတွင် ရှိခဲ့သည်။

ထို့ကြောင့် သူ့ကို မွေးပြီးတာနှင့် အမေက ချမ်းသာသော ကြီးကြီးမေ (အမေ့အစ်မအရင်း) ၏ လက်သို့ ဝကွက်အပ်ပြီး မွေးစားခိုင်းလိုက်ခြင်း ဖြစ်သည်။ ကြီးကြီးမေကတော့ စကားစပ်တိုင်း ပြောသည်။

"သားရယ် မင်းအမေက မင်းကိုမချစ်လို့ ပေးလိုက်တာ မဟုတ်ပါဘူး ကွယ်၊ မင်းက မွေးကတည်းက သေးသေးလေး၊ ရောဂါကလည်း ပါလာသေးတယ်၊ ဒါကြောင့် သူတို့လက်ထဲမှာထားရင် သက်ဆိုးမရှည်မှာစိုးလို့ ကြီးကြီးကို ပေးလိုက်ကြတာပါ"

"ကြီးကြီးမေကလည်း မွေးစားဖို့ ပေးတာချင်းအတူတူ မမကို ပေးလိုက်လဲရတာပဲ မဟုတ်လား၊ သားကိုမှ ပေးရတယ်လို့ဗျာ"

"သြော် ... မင်းအမေကို ပေးလိုက်တော့ရော ဘာထူးမှာတဲ့လဲ သားရဲ့ သူတို့ဆီမှာ ဆေးကုစရာမပြောနဲ့ စားစရာတောင် မရှိတဲ့ဟာ၊ ဒီတော့ ကျန်းမာတဲ့ကလေးကို ဘယ်ပေးမလဲ၊ မကျန်းမာတဲ့ကလေးကို ပေးတော့တာပေါ့၊ ကြီးကြီးမေက သားကို ပိုးမွေးသလို မွေးလာခဲ့ရတာ"

ကြီးကြီးမေ ပြောတာ သဘာဝကျပေမဲ့ သူကတော့ ခေါင်းမာစွာပင် လက်မခံချင်ခဲ့၊ သားသမီးချင်းအတူတူ သူ့ကိုမှ မွေးစားဖို့သူများလက်ထဲ အပ်ရက်သည်ဟု အပြစ်တင်နေမိခဲ့သည်။ ထို့ကြောင့် အမေတို့ မိသားစုကို သူက ခပ်စိမ်းစိမ်း လုပ်နေလိုက်သည်။

သူ နားလည်သည့်အရွယ်တွင် အဖေနှင့်အမေက ဆင်းရဲနွမ်းပါး မနေတော့ဘဲ၊ မိုးကုတ်မြို့၏ လူချမ်းသာများ စာရင်းတွင် ထည့်သွင်းခံနေရပြီ ဖြစ်သည်။

မန္တလေးနှင့်မိုးကုတ် သိပ်မဝေးသော်လည်း သူ မကြာခဏ မသွားခဲ့ပါ။ သူ ရှစ်တန်းနှစ်တွင် အဖေ ဆုံးသွားသည်။ စိတ်မကောင်း ဖြစ်မိပေမဲ့ နင့်နင့်သီးသီးတော့ မခံစားရ။

မန္တလေးလာတိုင်း အမေက သူ့ဆီသို့ဝင်သည်။ သူနှင့် ရင်းနှီးဖို့ ကြိုးစားသည်။ သူလိုချင်တာတွေ ဝယ်ပေးတတ်သည်။ ဒါပေမဲ့ သူကတော့ အမေ့ကို ခပ်ဖယ်ဖယ်။ မမနှင့် ညီလေးကိုလည်း သူက မရင်းနှီး။ ကိုယ့်စိတ်ဒဏ်ရာနှင့်ကိုယ် စိတ်မပြေဘဲ ဖြစ်နေခဲ့ရတာ အမှန်ပင်။

ထို့ကြောင့် အမေ ခေါ်လွန်းမကခေါ်မှ ကြီးကြီးမေကလည်း တိုက်တွန်းလွန်းတော့မှ မိုးကုတ်သို့ သူ နှစ်ခေါက်ရောက်ခဲ့တာ ဖြစ်သည်။

ပထမနှစ် ကျောင်းသားဘဝက တစ်ကြိမ်၊ တတိယနှစ် ကျောင်းသားဘဝက တစ်ကြိမ် ပေါင်းနှစ်ကြိမ် ဖြစ်သည်။ ငယ်ငယ်တုန်းက ကြီးကြီးမေနှင့် အတူ ရောက်ဖူးခဲ့တာတွေကိုတော့ သူ ထည့်မတွက်တော့ပါ။ သူကိုယ်တိုင် ကားမောင်း၍ လာခဲ့သည့် အကြိမ်တွေကိုပဲ ထည့်တွက်တာ ဖြစ်သည်။

အခု သူလာတာ တတိယအကြိမ်။

နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတာနှင့် ကျောင်းမှ ကျောင်းသူကျောင်းသားတွေ၊ ဆရာ ဆရာမတွေနှင့် ငပလီကမ်းခြေကို ခရီးထွက်ခဲ့သည်။ ဆယ်ရက်တိတိ ကြာခဲ့ပြီး သူ အိမ်ပြန်ရောက်တာနှင့် မိုးကုတ်တွင် အမေ အသည်းအသန် ဖြစ်နေသည်ဆိုသည့် သတင်းက သူ့ကို ဆီးကြိုနေတော့သည်။

အိမ်မှာ ကြီးကြီးမေလည်း မရှိတော့။ အမေ့ထံ ရောက်နေပြီဖြစ်သည်။ အမေက မသေခင်မှာ သူ့ကို တွေ့သွားချင်သတဲ့။ ဒီတော့မှ အမေ့အပေါ် ခပ်စိမ်းစိမ်း နေခဲ့တာတွေကို အပူလုံးကြွပြီး နောင်တရကာ သူက အမေရှိသည့် အရပ်သို့ ချက်ချင်း ပြေးထွက်လာခဲ့ခြင်း ဖြစ်သည်။

လမ်းခရီးတွင် ကြန့်ကြာလို့ အမေသာ တစ်ခုခုဖြစ်ခဲ့ပါလျှင် သူ့ဘဝ၌ ဘယ်လိုမှ ဖြေသာတော့မည် မဟုတ်ပါ။

အတွေးထဲ၌ ကားမောင်းလာရင်း ဆိုင်ကယ်အင်ဂျင်သံ တစ်ခုကို ခပ်ဝါးဝါး ကြားလိုက်ရသည့်အတွက် သူ့အာရုံများက ဆတ်ခနဲ နိုးထသွားသည်။

သေချာသည်။ ဆိုင်ကယ် အင်ဂျင်သံတစ်ခု။

ရှေ့တူရူက လာသည့်အသံလား။ နောက်မှလာသည့် အသံလား ဆိုတာကိုတော့ သူ မဝေခွဲတတ်သေးပါ။ ထို့အတူ ရန်သူလား၊ ခရီးသွားဖော် မိတ်ဆွေလား ဆိုတာကိုလည်း သူ မခန့်မှန်းတတ်သေး။ ဒါပေမဲ့ သူ့ရင်ခုန်သံတွေကတော့ မြန်ဆန်လာသည်။

စိတ်လှုပ်ရှားမှုကြောင့် အာခေါင်တွေပါ ခြောက်လာပြီး ရေငတ်သလို ဖြစ်လာသည်။

ဆိုင်ကယ်သံက တဖြည်းဖြည်း ပိုနီးလာသလို ခံစားရသည်။ အရှေ့အနောက်တော့ မသဲကွဲသေး။

ကျော်တေဇက ကိုယ့်အသက်ရှူသံကိုပင် ကိုယ်ပြန်ထိတ်လန့်နေမိ၏။

***